# အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆ ။)

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်

(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ တွင် ပါရှိသော 'အနည်းဆုံး ၇ နှစ် မှ အများဆုံး ၁၅ နှစ်အထိ' ဆိုသည့် စကားရပ်အစား 'အနည်းဆုံး ငါးနှစ် မှ အများဆုံး ခုနစ်နှစ် အထိ' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၄ တွင် ပါရှိသော 'ထောင်ဒဏ် ၅ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။' ဆိုသည့် စကားရပ်အစား 'ငွေဒဏ် ကျပ်သိန်းငါးဆယ် မှ ကျပ်သိန်းတစ်ရာအထိ ချမှတ်ရမည်။ ငွေဒဏ် မဆောင်ပါက ထောင်ဒဏ် အနည်းဆုံး တစ်နှစ် မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည်။' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၅ တွင် ပါရှိသော 'ထောင်ဒဏ် ၃ နှစ် အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။' ဆိုသည့် စကားရပ်အစား 'ငွေဒဏ် ကျပ်တစ်ဆယ်သိန်းမှ ကျပ်သိန်းငါးဆယ် အထိ ချမှတ်ရမည်။ ငွေဒဏ် မဆောင်ပါက ထောင်ဒဏ် အနည်းဆုံး ခြောက်လ မှ အများဆုံး တစ်နှစ်အထိ ချမှတ်ရမည်။' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၆ တွင် ပါရှိသော 'ထောင်ဒဏ် ၁ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။' ဆိုသည့် စကားရပ်အစား 'ငွေဒဏ် ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။ ငွေဒဏ် မဆောင်ပါက ထောင်ဒဏ် သုံးလအထိ ချမှတ်ရမည်။' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၇ တွင် ပါရှိသော 'ထောင်ဒဏ် ၁ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။' ဆိုသည့် စကားရပ်အစား 'ငွေဒဏ်

ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်း အထိ ချမှတ်ရမည်။ ငွေဒဏ် မဆောင်ပါက ထောင်ဒဏ် သုံးလ အထိ ချမှတ်ရမည်။' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်